**NILS Program Name**

# NILS Document Checklist

## NILS စာရွက်စာတမ်းများ စစ်ဆေးခြင်းစာရင်း

NILS
No Interest Loan Scheme
Good Shepherd Microfinance

NILS ချေးငွေအတွက် လူတွေ့ ဆွေးနွေးပွဲသို့ သင်လာရောက်သည့်အခါ အောက်ဖော်ပြပါ စာရွက်စာတမ်းများကို သင်နှင့်အတူ ယူဆောင်လာရန် လိုအပ်ပါသည်။ ကျေးဇူးပြု၍ သတိပြုရန် - အကယ်၍လျှောက်ထားခြင်းသည် နှစ်ဦးတွဲဘက်ဖြစ်ပါက သင့်နှင့်ပူးတွဲလျှောက်ထားသူ၏ စာရွက်စာတမ်းများကိုပါ တင်ပြရမည် ဖြစ်ပါသည်။

### ကိုယ်ရေးကိုယ်တာဆိုင်ရာ စာရွက်စာတမ်းများ

- ☐ သင် မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထား (ဥပမာ၊ စင်တာလင့် ကတ်၊ ယာဉ်မောင်းလိုင်စင်၊ အသက်အရွယ် အထောက်အထားကတ် (Proof of Age Card)၊ လူမှုအဖွဲ့အစည်းဆိုင်ရာ မည်သူမည်ဝါဖြစ်ကြောင်း အထောက်အထားကတ် စသည်ဖြင့်)
- ☐ စင်တာလင့်၏ ဝင်ငွေဆိုင်ရာ ငွေစာရင်းရှင်းတမ်း (Centrelink Income Statement)၊ စင်တာလင့်ထံမှ မိတ္တူတစ်စုံတောင်းပါ။
- ☐ မည်သည့် ယာယီ သို့မဟုတ် အမြဲတန်းအလုပ်မှမဆို လစာရှင်းတမ်း စာရွက် (ဖြစ်နိုင်လျှင်)

### အိမ်အတွက် ဝန်ဆောင်မှု အသုံးပြုခ ငွေတောင်းခံစာများ

- ☐ ဘဏ် ငွေစာရင်း ရှင်းတမ်းများ (ပြီးခဲ့သော နောက်ဆုံး သုံးလအတွက်)
- ☐ အကယ်၍ သင် အိမ်ငှားနေထိုင်ပါက -
  အိမ်ငှားသဘောတူစာချုပ်နှင့် အိမ်ငှားခပေးချေခြင်း မှတ်တမ်းများ( အကယ်၍ အိမ်ငှားသဘောတူစာချုပ် မရနိုင်ပါက အာဏာကန့်သတ်မှုရှိသော တရားသူကြီး (JP) သို့မဟုတ် ကျမ်းကျိန်ထွက်ဆိုခြင်းဆိုင်ရာ မင်းကြီး (Commissioner of Declarations) က လက်မှတ်ထိုးထားသည့် တရားဝင် ကျမ်းကျိန်ထွက်ဆိုချက်ကို တင်ပြပါ။
- ☐ အကယ်၍ သင် အိမ်ကြွေးပြန်ဆပ်နေပါက -
  ပြီးခဲ့သော သုံးလအတွက် အိမ်ကြွေးဆပ်ခြင်းဆိုင်ရာ ငွေစာရင်း ရှင်းတမ်းများ
- ☐ နောက်ဆုံးရထားသော ဓါတ်ငွေ့ အသုံးပြုခြင်း ငွေစာရင်း
- ☐ နောက်ဆုံးရထားသော လျှပ်စစ်ဓါတ်အား အသုံးပြုခြင်း ငွေစာရင်း
- ☐ နောက်ဆုံးရထားသော ရေ အသုံးပြုခြင်း ငွေစာရင်း (ဖြစ်နိုင်လျှင်)
- ☐ မိုဘိုင်းဖုန်း အပါအဝင် နောက်ဆုံးရထားသော တယ်လီဖုန်း အသုံးပြုခြင်းဆိုင်ရာ ငွေစာရင်း (ဖြစ်နိုင်လျှင်)
- ☐ နောက်ဆုံးရထားသော အကြွေးယူကဒ်ဆိုင်ရာ ငွေစာရင်း ရှင်းတမ်း
- ☐ အခြားသော ပေးရန်ကျန်ရှိနေသည့် အကြွေးစာရင်းများ
- ☐ အခြားသော ချေးငွေများနှင့်ဆိုင်သည့် ငွေစာရင်း ရှင်းတမ်းများ (ဥပမာ၊ ကိုယ်ရေးကိုယ်တာ ချေးငွေများ၊ အာမခံချက်မထားသော ချေးငွေများ၊ အိမ်ငှားဆိုင်ရာ သဘောတူညီချက်များ၊ ကားအတွက် ချေးငွေများ စသည်ဖြင့်)

### ကိုးကားဖော်ပြချက်

- ☐ ကျေးဇူးပြု၍ ဝယ်ယူလိုသည့် ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှု၏ ထုတ်လုပ်သူနှင့် ပုံစံနံပတ်ကို ထည့်သွင်းဖော်ပြပါ။ ကိုးကားဖော်ပြချက်များကို လုပ်ငန်းနှင့်ဆိုင်သော ခေါင်းစည်းစာတမ်းပါ စာရွက်ပေါ်တွင် ဖော်ပြရမည်ဖြစ်ပြီး ထိုလုပ်ငန်း၏ ဩစတြေးလျားနိုင်ငံ ရောင်းဝယ်ရေးလုပ်ငန်းဆိုင်ရာ သက်သေခံနံပတ် (ABN) ပါရှိရမည်ဖြစ်သည်။

အကယ်၍သင်သည် အထက်ဖော်ပြပါ စာရွက်စာတမ်းများစာရင်းထဲမှ တစ်ခုခုကို ရယူသည့်နည်းလမ်းကို နားလည်ရန် အခက်အခဲရှိပါက ကျေးဇူးပြု၍ NILS ဝန်ဆောင်မှုပေးသူထံ ဆက်သွယ်ပါ။